Form (2)

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

1149

20-8-2015

Permit No. 997/2015 Date 20 August 2015

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MS. WONG SHERMAN KELLY

(b) Citizenship CHINESE

(c) Address FLAT A, 5/F., SPEEDY INDUSTRIAL BUILDING, 114 HOW MING STREET, KWUN TONG, KOWLOON, HONG KONG

(d) Name and Address of Principal Organization DOUBLE PACKING MANUFACTURER LIMITED, FLAT A, 5/F., SPEEDY INDUSTRIAL BUILDING, 114 HOW MING STREET, KWUN TONG, KOWLOON, HONG KONG

(e) Place of incorporation HONG KONG

(f) Type of investment business MANUFACTURING OF ALL KINDS OF PLASTIC BAGS ON CONTRACT MANUFACTURING PROCESS (CMP) BASIS

(g) Place(s) at which investment is permitted PLOT NO. D-4,D-5, D-11, D-12, MYAY TAING BLOCK NO. 20, ANAWRAHTAR INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 12.738 MILLION

(i) Period for foreign capital brought in WITHIN TWO YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 13.408 MILLION (INCLUDING US$ 12.738 MILLION)

(k) Construction period 2 YEARS

(l) Validity of investment permit 10 YEARS

(m) Form of investment JOINT VENTURE

(n) Name of Company incorporated in Myanmar DOUBLE PACKING (MYANMAR) COMPANY LIMITED

Chairman

The Myanmar Investment Commission

ပုံစံ (၂)

တအမှတ် ၁၁၄၉

ရက်စွဲ ၂၀-၈-၂၀၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၉၉၇/၂၀၁၅ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ ကမကထပြုသူအမည် MS. WONG SHERMAN KELLY

(ခ) နိုင်ငံသား CHINESE

(ဂ) နေရပ်လိပ်စာ FLAT A, 5/F., SPEEDY INDUSTRIAL BUILDING, 114 HOW MING STREET, KWUN TONG, KOWLOON, HONG KONG

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ DOUBLE PACKING MANUFACTURER LIMITED, FLAT A, 5/F., SPEEDY INDUSTRIAL BUILDING, 114 HOW MING STREET, KWUN TONG, KOWLOON, HONG KONG

(င) ဖွဲ့စည်းရာအရပ် HONG KONG

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CONTRACT MANUFACTURING PROCESS (CMP) စနစ်ဖြင့် ပလတ်စတစ်အိတ် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ် ဒီ-၄၊ ဒီ-၅၊ဒီ-၁၁၊ ဒီ-၁၂၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁၂.၇၃၈ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး ၂ နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁၃.၄၀၈ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ (အမေရိကန်ဒေါ်လာ ၁၂.၇၃၈ သန်း အပါအဝင်)

(ဋ) တည်ဆောက်မှုကာလ ၂ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၁၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် DOUBLE PACKING (MYANMAR) COMPANY LIMITED

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

1149

20-8-2015

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Our ref : DICA-3/FI-1200/2015(1149) Tel: 95-1-658128
Date : 20th August 2015 Fax: 95-1-658141

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing of all kinds of Plastic Bags on Contract Manufacturing Process (CMP) Basis " under the name of "Double Packing (Myanmar) Company Limited".**

Reference: Double Packing (Myanmar) Company Limited letter dated (28-7-2015)

1. The Myanmar Investment Commission, at its meeting (14/2015) held on (7-8-2015), had approved the proposal for investment in "Manufacturing of all kinds of Plastic Bags on Contract Manufacturing Process (CMP) Basis " under the name of "Double Packing (Myanmar) Company Limited" submitted as a joint venture between Double Packing Manufacturer Limited (95%) from Hong Kong and U Tin Htun (5%) from the Republic of the Union of Myanmar.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be initial 10 (ten) years and extendable for 5 (five) years in 2 (two) times commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for land between U Tin Htun and Double Packing (Myanmar) Company Limited shall be initial 10 (ten) years and extendable for 5 (five) years in 2 (two) times from the date of signing of the Lease Agreement subject to the approval of Myanmar Investment Commission. At the expiry of the Lease Agreement, the lessee shall take away its fixtures on the land and in the building which are installed by the lessee at its cost.

4. The annual rent for the land shall be US$ 192,468.65 (United States Dollar one hundred and ninety-two thousand, four hundred and sixty-eight and sixty-five cent only) calculated at the rate of US$ 5 per square metre per year of the land measuring of 38,493.73 square metres (9.512 acres). The

rate of rent shall be revised in view of prevailing land and buildings lease rates after every 5 (five) years period and increase of the rent should not be more than 10% of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Double Packing Manufacturer Limited shall have to sign the Joint Venture Agreement with U Tin Htun. In addition, Double Packing (Myanmar) Company Limited shall have to sign the Lease Agreement for land with U Tin Htun. After signing such Agreements, each of (5) copies shall have to be forwarded to the Commission.

7. Double Packing (Myanmar) Company Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Double Packing (Myanmar) Company Limited shall use its best efforts for timely realization of work stated on the proposal. If none of such work

has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Double Packing (Myanmar) Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the Double Packing (Myanmar) Manufacturing Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission.

13. Double Packing (Myanmar) Company Limited shall endeavour to meet the targets for production and export stated on the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Double Packing (Myanmar) Company Limited has to follow the existing Labour Laws for the recruitment of staffs and labours in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter 1, section 2(i) of the Foreign Investment Law, other than foreign currency.

16. Double Packing (Myanmar) Company Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Double Packing (Myanmar) Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Double Packing (Myanmar) Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost over-run, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Double Packing (Myanmar) Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare, submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. After getting permit from Myanmar Investment Commission, Double Packing (Myanmar) Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Double Packing (Myanmar) Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to be undertaken such as water storage tank, fire hooks, sand bags, fire extinguishers and provide training to use the fire fighting equipment and also to be appointed the fire safety officer.

23. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made out of export earning (CMP charges) of Double Packing (Myanmar) Company Limited.

24. Double Packing (Myanmar) Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of Foreign Investment Rules.

(Zay Yar Aung)
Chairman

Double Packing (Myanmar) Company Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. Central Bank of Myanmar
13. Chairman, CMP Enterprises Supervision Committee

14. Office of the Yangon Region Government
15. Director General, Department of Environmental Conservation
16. Director General, Immigration and National Registration Department
17. Director General, Directorate of Industrial Supervision and Inspection
18. Director General, Directorate of Trade
19. Director General, Customs Department
20. Director General, Internal Revenue Department
21. Director General, Directorate of Investment and Company Administration
22. Director General, Directorate of Labour
23. Director General , Department of Human Settlements & Housing Development
24. Director General, Fire Services Department
25. Managing Director, Myanma Foreign Trade Bank
26. Managing Director, Myanma Investment and Commercial Bank
27. Managing Director, Myanma Insurance
28. Managing Director, Myanma Electric Power Enterprise
29. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ကုမ္ပဏီအမည် - Double Packing (Myanmar) Company Limited

လုပ်ငန်း - Contract Manufacturing Process (CMP) စနစ်ဖြင့် ပလတ်စတစ်အိတ် အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၉-၄-၂၀၁၅		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၂၉-၄-၂၀၁၅	၃၀-၅-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၂၉-၄ -၂၀၁၅	၁-၆-၂၀၁၅	
	(ဂ) စက်မှုဝန်ကြီးဌာန	၂၉-၄ -၂၀၁၅	၁၃-၅-၂၀၁၅	
	စက်မှုဝန်ကြီးဌာန(ဒုတိယအကြိမ်)	၃-၇-၂၀၁၅	၂၈-၇-၂၀၁၅	
	(ဃ) CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ	၂၉-၄ -၂၀၁၅	၁၅-၅-၂၀၁၅	
	(င) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း	၂၉-၄ -၂၀၁၅	၂-၆-၂၀၁၅	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၁၅/၂၀၁၅) သို့ တင်ပြခြင်း	၂၇-၄-၂၀၁၅		
၄	အဆိုပြုလွှာ လက်ခံကြောင်းစာ ပေးပို့ခြင်း	၁၃-၅-၂၀၁၅		
၅	အဆိုပြုချက်အား ပြန်လည် ပေးပို့ခြင်း	၆-၇-၂၀၁၅		
၆	ကုမ္ပဏီမှ လိုအပ်ချက်များ ပြင်ဆင်တင်ပြခြင်း	၁၇-၇-၂၀၁၅		
၇	ကုမ္ပဏီမှ လိုအပ်ချက်များ ပြန်လည်ပြင်ဆင်၍ အဆိုပြုလွှာ အစုံ(၇)စုံ ပေးပို့ခြင်း	၂၈-၇-၂၀၁၅		
၈	**စုစုပေါင်းကြာမြင့်ရက်**	**၁၁၀ ရက်**		

- မြေပိုင်ရှင် ဦးတင်ထွန်း အမည်ဖြင့် မြေဂရန်လျှောက်ထားခြင်းကိစ္စများဆောင်ရွက်ပြီးမှ ပြန်လည်တင်ပြလာသည့်အတွက် ရက်ပေါင်း ၁၁၀ ကြာမြင့်ရခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအမည်	- Double Packing (Myanmar) Company Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	- ဖက်စပ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	- Contract Manufacturing Process (CMP) စနစ်ဖြင့် ပလတ်စတစ်အိတ် အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	- မြေကွက်အမှတ် - D-4၊ D-5၊ D-11၊ D-12၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၉.၅၁၂ ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- US$ ၁၃,၄၀၈,၆၇၉
အရင်းကြေကာလ	- ၈ နှစ် ၅ လ
IRR	- ၁၀.၉၄ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ	၂.၁၆၀(တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	၁.၁၆၅
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၁၉၅.၈၄၈	-
၄	ဝင်ငွေခွန်	၄၆၆.၁၂၄	၇၄၅.၇၉၉
၅	လျှပ်စစ်မီးသုံးစွဲခ	-	၇၁၈.၉၀၀
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	တစ်နှစ်ဝင်ငွေကျပ်သိန်း(၂၀)ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း(၆၂)ဦး
၇	CSR (၂%)	-	၉၃.၁၂၂
၈	မြေငှားရမ်းခရငွေ	-	၁၃၈၃.၆၅၇
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၁၀၆၆ ဦး ပြည်ပ ၂၀ ဦး ပြည်တွင်း လုပ်သား (၁၀၆၆) ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသအလုပ် အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူ ပြုစေနိုင်ပါသည်။
		ကျပ် ၆၆၄.၁၃၂ သန်း	ကျပ် ၄၅၇၅.၄၅၉ သန်း
	Cost : Benefit	၁ :၆	

အကြောင်းအရာ။ **ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Double Packing (Myanmar) Company Limited မှ ပလတ်စတစ်အိတ် အမျိုးမျိုးကို Contract Manufacturing Process (CMP) စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ကမကထပြုသူ	- Double Packing (Myanmar) Company Limited
		- Ms. Wong Sherman Kelly (ဟောင်ကောင်)
	အဖွဲ့အစည်းပုံသဏ္ဍာန်	-ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
		- Double Packing Manufacturer Limited (ဟောင်ကောင်) ၉၅ %
		- U Tin Htun (မြန်မာ) ၅ %
	လုပ်ငန်းအမျိုးအစား	- ပလတ်စတစ်အိတ် အမျိုးမျိုးကို Contract Manufacturing Process (CMP) စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် - D-4၊ D-5၊ D-11၊ D-12၊ မြေတိုင်းရပ်ကွက် အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဦးလင်ဟုရန် (ခ) ဦးတင်ထွန်း
	မြေဧရိယာ	- ၉.၅၁၂ ဧက (၃၈,၄၉၃.၇၃ စတုရန်းမီတာ)
၃။	မြေငှားသက်တမ်း	- ကနဦး ၁၀ နှစ် (၅ နှစ် ၂ ကြိမ် သက်တမ်းတိုး)
	နှစ်စဉ် မြေငှားရမ်းခ	- US$ ၁၉၂,၄၆၈.၆၅
		- ၁ နှစ် တစ်စတုရန်းမီတာလျှင် US$ ၅ နှုန်း
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၁၀ နှစ် (၅ နှစ် ၂ ကြိမ် သက်တမ်းတိုး)
	တည်ဆောက်ရေးကာလ	- ၂ နှစ်
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၁၃,၄၀၈,၆၇၉
	ထည့်ဝင်သည့် အမျိုးအစား	- **US$(သန်း)**

	နိုင်ငံခြား	**မြန်မာ**	**စုစုပေါင်း**
ငွေသား	၀.၅၀၀၀	-	၀.၅၀၀၀
စက်နှင့်စက်ပစ္စည်း(ပြည်ပ)	၁.၉၀၇၀	-	၁.၉၀၇၀
Office Equipment(ပြည်တွင်း)	၀.၀၅၃၅	-	၀.၀၅၃၅
Vehicles(ပြည်တွင်း)	၀.၁၅၀၀	-	၀.၁၅၀၀
Building Material(ပြည်တွင်း)	၆.၀၁၂၆	၀.၆၇၀၄	၆.၆၈၃၀
Building Material(ပြည်ပ)	၄. ၁၁၅၁	-	၄. ၁၁၅၁
စုစုပေါင်း	**၁၂.၇၃၈၂**	**၀.၆၇၀၄**	**၁၃.၄၀၈၆**

၆။	ဝန်ထမ်းအင်အား	- **၁,၀၈၆ ဦး**
	ပြည်တွင်း	၁,၀၆၆ ဦး (ပြည်တွင်းအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏လစာမှာ US$ ၉၀ ၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏လစာမှာ US$ ၁,၁၀၀)
	ပြည်ပ	၂၀ ဦး (ပြည်ပ ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၁၀၀)
၇။	ရောင်းချမည့် နည်းစနစ်	- ၁၀၀ % ပြည်ပသို့တင်ပို့ခြင်း
၈။	၆နှစ်မြောက်တွင် ကုမ္ပဏီ၏	
	ဝင်ငွေ	- အမေရိကန်ဒေါ်လာ ၅.၃၄၇ သန်း
	အသုံးစရိတ်	- အမေရိကန်ဒေါ်လာ ၄.၂၅၈ သန်း
	အသားတင်အမြတ်	- အမေရိကန်ဒေါ်လာ ၁.၀၈၉ သန်း

၉။	နိုင်ငံတော်မှရရှိမည့်အကျိုး အမြတ် (ဆဌမနှစ်)	
	ဝင်ငွေခွန်	- အမေရိကန်ဒေါ်လာ ၀.၃၆၃ သန်း
	အရင်းကြေကာလ	- ၈ နှစ် ၅ လ
၁၀။	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၀.၉၄ %
		- ၁ US$ = ၁,၀၂၇ ကျပ် နှုန်းဖြင့် တွက်ချက်ထားပါသည်။
၁၁။	နှစ်စဉ်လျှပ်စစ်ဓါတ်အား သုံးစွဲမှု	- ၃၅၀ KVA
၁၂။	CSR	- လူမှုဘဝ သာယာဝပြောရေး တာဝန်ယူမှု (Corporate Social Responsibility) အတွက် အသားတင်အမြတ်ငွေ၏ ၂% ကိုသုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၃။	မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်	- ကုမ္ပဏီမှမီးသတ်ဆေးဗူးများကို စက်ရုံ အဆောက်အဦများ အတွင်း/အပြင် ဝင်ပေါက် ထွက်ပေါက် အတွင်းနံရံများတွင် ချိတ်ဆွဲထားရှိခြင်း၊ ရေပုံး၊ မီးကတ်၊ သဲအိတ်များ စီစဉ်ထားရှိမည်ဖြစ်ပါကြောင်း၊ အချက်ပေးစနစ်၊ ကာကွယ်ရေးစနစ်များ ထားရှိမည်ဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာန၏ စည်းကမ်းများနှင့်အညီ လိုက်နာမည်ကြောင်း၊ စက်ရုံ အတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါကြောင်းနှင့် မီးဘေးကာကွယ်ရေးဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၄။	အခြား	- Double Packing Manufacturer Limited နှင့် ဦးတင်ထွန်းတို့ချုပ်ဆိုမည့် ဖက်စပ်စာချုပ် မူကြမ်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း (မူကြမ်း)၊ ဒါရိုက်တာစာရင်းနှင့် Passport မိတ္တူများကို တင်ပြထားပါသည်။ - ငွေရေးကြေးရေး အထောက်အထားအဖြစ် ဟောင်ကောင်မှ Double Polyethylene Manufacturing Company သည် DAHSING BANK (Hong Kong) တွင် ၁၃-၁-၂၀၁၅ ရက်စွဲဖြင့်Bank Account ဖွင့်ထားသည့် Reference Letter တင်ပြထားပြီး ဦးတင်ထွန်းသည် ကမ္ဘောဇဘဏ် လီမိတက်တွင် ၂၄-၂-၂၀၁၅ ရက်စွဲဖြင့် ကျပ် ၂၀,၀၁၀,၀၀၀ ရှိကြောင်း ထောက်ခံစာအား တင်ပြထားပါသည်။ - အဆိုပြုချက်နှင့်အတူ ဟောင်ကောင်မှ Double Packing Manufacturer Limited နှင့် Double Packing (Myanmar) Company Limited တို့ချုပ်ဆိုမည့် Processing Contract မူကြမ်း၊ မြေအထောက်အထားအဖြစ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင်ထွန်း အမည်ဖြင့် ဂရန် လျှောက်ထားဆဲဖြစ်ကြောင်း ထောက်ခံစာ၊ အဆောက်အဦ၏ Layout Plan များနှင့် မြေပုံ မိတ္တူများ အားတင်ပြထားပါသည်။

ကန့်သတ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၃/န-၁၂၀၀/၂၀၁၅(၁၀၃၄)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Double Packing (Myanmar) Company Limited မှ Contract Manufacturing Process (CMP) စနစ်ဖြင့် ပလတ်စတစ်အိတ် အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ ဟောင်ကောင် Double Packing Manufacturer Limited မှ ၉၅ %၊ မြန်မာနိုင်ငံ ဦးတင်ထွန်းမှ ၅% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Double Packing (Myanmar) Company Limited တည်ထောင်ကာ မြေကွက်အမှတ် - D-4၊ D-5၊ D-11၊ D-12၊ မြေတိုင်းရပ်ကွက် အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၉.၅၁၂ ဧက (၃၈,၄၉၃.၇၃ စတုရန်းမီတာ) အား ငှားရမ်း၍ Contract Manufacturing Process (CMP) စနစ်ဖြင့် ပလတ်စတစ် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးတင်ထွန်း နှင့် Double Packing (Myanmar) Company Limited တို့ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)၊ မြေဆိုင်ရာ အထောက်အထားများနှင့် လုပ်ငန်းတည်နေရာပြမြေပုံများ၊ အဆောက်အဦ Layout Plan၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း (မူကြမ်း)၊ Contract Manufacturing Process (CMP) စနစ်ဖြင့် ဆောင်ရွက်ရန် ဟောင်ကောင်ရှိ Double Packing Manufacturer Limited နှင့် Double Packing (Myanmar) Company Limited တို့ချုပ်ဆိုမည့် Processing Contract(မူကြမ်း) တို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ မြေငှားရမ်းသက်တမ်းမှာ ကနဦး ၁၀ နှစ် နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာ ၃၈,၄၉၃.၇၃ စတုရန်းမီတာ(၉.၅၁၂ ဧက) အား တစ်နှစ် တစ်စတုရန်းမီတာ လျှင် US $ ၅ နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပြီး၊ တစ်နှစ်လျှင် စုစုပေါင်းငှားရမ်းခ US $ ၁၉၂,၄၆၈.၆၅ ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၁၀ နှစ်နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ဖြစ်ပြီး တည်ဆောက်မှုကာလမှာ (၂) နှစ် ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

ကန့်သတ်

၅။ လုပ်ငန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ US $ ၁၃,၄၀၈,၆၇၉ ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်မှု အမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	နိုင်ငံခြား	မြန်မာ	US$ (သန်း) စုစုပေါင်း
ငွေသား	၀.၅၀၀၀	-	၀.၅၀၀၀
စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၁.၉၀၇၀	-	၁.၉၀၇၀
Office Equipment (ပြည်တွင်း)	၀.၀၅၃၅	-	၀.၀၅၃၅
Vehicles (ပြည်တွင်း)	၀.၁၅၀၀	-	၀.၁၅၀၀
Building Material (ပြည်တွင်း)	၆.၀၁၂၆	၀.၆၇၀၄	၆.၆၈၃၀
Building Material(ပြည်ပ)	၄. ၁၁၅၁	-	၄. ၁၁၅၁
စုစုပေါင်း	**၁၂.၇၃၈၂**	**၀.၆၇၀၄**	**၁၃.၄၀၈၆**

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း (၁,၀၆၆) ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၂၀) ဦး စုစုပေါင်း (၁,၀၈၆) ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၉၀ ဖြစ်ပြီး၊ အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၁၀၀ ဖြစ်ပါသည်။ ပြည်ပမှ ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၁၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထွက်ရှိသော ကုန်ချောပစ္စည်းများကို ပြည်ပသို့ ၁၀၀% တင်ပို့ မည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆နှစ်မြောက်)၏ ထုတ်လုပ်မှု အရေအတွက် နှင့် ရောင်းဈေးနှုန်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

အမျိုးအမည်	ထုတ်လုပ်မှု အရေအတွက် (MT)	CMP လက်ခနှုန်း (US $/MT)
Plastic Bag		
-Check out bag	၁၁,၈၈၄	၂၂၅
-Shopping bag	၁၁,၈၈၄	၂၂၅

၈။ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆နှစ်မြောက်)တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေ နှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$ (သန်း)
(က)	ဝင်ငွေ	၅.၃၄၇
(ခ)	အသုံးစရိတ်	၄.၂၅၈
(ဂ)	အသားတင်အမြတ်	၁.၀၈၉

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၃၆၃ သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၈ နှစ် ၅ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ

၁၀.၉၄ % ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁,၀၂၇ ကျပ်နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၀။ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းများသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထား ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းများကို ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ပါက ပြည်တွင်းလုပ်သား အင်အား (၁၀၆၆)ဦး အလုပ်အကိုင် ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်း နှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊ (၂၆-၅-၂၀၁၅) ရက်နေ့တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၅) ဆုံးဖြတ်ချက် အပိုဒ်(၂၇)အရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်းသဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ (က)**

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန**မှ အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်းလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည် -

(၁) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်းများချမှတ်ခြင်း၊ ထုတ်လုပ်ခြင်းအဆင့်ဆင့်တို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုအနည်း ဆုံးဖြစ်စေမည့် လုပ်ငန်းစနစ်များ၊ စက်ပစ္စည်းများကို အသုံးပြုခြင်းနှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အား အမြတ်ငွေ၏ ၂ % ထည့်ဝင်ရန် အပါအဝင်ကတိကဝတ်များ၊ လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ။

(၂) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေများအား ပြန်လည်သန့်စင်အသုံးပြုသွားရန်၊ စွန့်ပစ်မည်ဆိုပါကလည်း ပြန်လည်သန့်စင်ပြီးမှ စနစ်တကျ စွန့်ပစ်သွားရန်နှင့် လုပ်ငန်းခွင်

အန္တရာယ် ကင်းရှင်းရေးအတွက် အလုပ်သမားများအား လုပ်ငန်းခွင်သုံး အကာအကွယ်ပစ္စည်းများ ဝတ်ဆင်/ တပ်ဆင် ဆောင်ရွက်စေရန်။

(၃) ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်များ စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စီမံချက် (Environmental Management Plan - EMP) ရေးဆွဲတင်ပြ ရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။ **ကုမ္ပဏီမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘော ထားမှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိ တင်ပြထား ပါသည်။** **နောက်ဆက်တွဲ (ခ)**

(ဂ) **စက်မှုဝန်ကြီးဌာန**မှ ကုန်ကြမ်း၊ ကုန်ချောများအား စနစ်တကျသိုလှောင်သိမ်းဆည်း ရန်၊ အသုံးပြုမည့် Resin အမျိုးအစား ထည့်သွင်းဖော်ပြရန်၊ Chiller ထည့်သွင်း ဖော်ပြရန် လိုအပ်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာခြင်းအပေါ် **ကုမ္ပဏီမှ ပြန်လည် ပြင်ဆင်ချက်များကို စက်မှုဝန်ကြီးဌာနမှ စိစစ်လက်ခံပြီး ဖြစ်ပါသည်။** **နောက်ဆက်တွဲ(ဂ)**

(ဃ) CMP **လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ**မှ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်မှု အချိုးအစား ကိုက်ညီမှုရှိပါကြောင်း၊ CMP လုပ်ခနှုန်းထားဆီလျော်မှု တွေ့ရှိရပါကြောင်း၊ နှစ်စဉ် ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အား အချိုးအစား ညီညွတ်မှုရှိပါကြောင်း၊ အဆိုပြုလုပ်ငန်းအား ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူ ပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် ပလတ်စတစ် အိတ်ပါးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို အားပေး ဆောင်ရွက်စေသင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြား ထားပါသည်။ **နောက်ဆက်တွဲ (ဃ)**

(င) **မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ** အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ စက်ရုံ တည်ဆောက်မှုတွင်သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန် နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ရေးပစ္စည်းများ အသုံးပြု၍ တည်ဆောက်ပါ ကန့်ကွက်ရန်မရှိပါကြောင်း၊ အဆိုပြုလုပ်ငန်း တည်ဆောက်မှုတွင် ထောက်ခံတင်ပြ သောအရေအတွက်မှာ ဘိလပ်မြေ ၁၁၀.၉၈၃ တန်၊ Rebar ၁,၀၈၇.၆ တန်၊

Structural Steel ၆၀၃ တန်၊ Emulsion Paint ၄,၀၂၀ ဂါလန် ထောက်ခံတင်ပြထားပါသည်။ **ကုမ္ပဏီမှ ထောက်ခံတင်ပြထားသည့် ပစ္စည်းအရေအတွက်များကိုသာ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းမည်ဖြစ်ပြီး ကျန်ပစ္စည်းများကို ပြည်တွင်း၌သာ ဝယ်ယူမည်ဖြစ်ကြောင်းတင်ပြထားပါသည်။** **နောက်ဆက်တွဲ (င)**

၁၁။ ဟောင်ကောင်မှ Double Polyethylene Manufacturing Company သည် ငွေရေးကြေးရေးအထောက်အထားအဖြစ် DAHSING BANK (Hong Kong) တွင် ၁၃-၁-၂၀၁၅ ရက်စွဲဖြင့် Bank Account ဖွင့်ထား သည့် Reference Letter တင်ပြထားပြီး ဦးတင်ထွန်းသည် ကမ္ဘောဇဘဏ် လီမိတက်တွင် ၂၄-၂-၂၀၁၅ ရက်စွဲဖြင့် ကျပ် ၂၀,၀၁၀,၀၀၀ ရှိကြောင်း တို့ကို တင်ပြထားပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အနေဖြင့်** ကုမ္ပဏီမှမီးသတ်ဆေးဗူးများကို စက်ရုံ အဆောက်အဦများ အတွင်း/အပြင် ဝင်ပေါက် ထွက်ပေါက် အတွင်းနံရံများတွင် ချိတ်ဆွဲထားရှိခြင်း၊ ရေပုံး၊ မီးကတ်၊ သဲအိတ်များ စီစဉ်ထားရှိမည်ဖြစ်ပါကြောင်း၊ အချက်ပေးစနစ်၊ ကာကွယ်ရေးစနစ်များ ထားရှိမည်ဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာန၏ စည်းကမ်းများနှင့်အညီ လိုက်နာမည်ဖြစ်ကြောင်း၊ စက်ရုံ အတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါကြောင်းနှင့် မီးဘေး ကာကွယ်ရေးဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ Double Packing (Myanmar) Company Limited မှ စက်ရုံဝန်ထမ်းများ သက်သာချောင်ချိရေး နှင့်လုပ်ငန်းခွင် သာယာရေးစီစဉ်ထားရှိမှုများနှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများအတွက်နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၂%ကို Corporate Social Responsibility အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ထို့အပြင် တစ်နှစ်လျှင် လစာဝင်ငွေကျပ်သိန်း (၂၀) နှင့် အထက်ရှိသော ဝန်ထမ်းများအတွက် ဝင်ငွေခွန် ပေးဆောင်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ ၏ စီးပွားရေးလုပ်ငန်း အမျိုးအစားများပြင်ဆင်သတ်မှတ်ခြင်းတွင်ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သောလုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် ၁၅/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ Double Packing (Myanmar) Company Limited တည်ထောင်ကာ မြေကွက်အမှတ် - D-4၊ D-5၊ D-11၊ D-12၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၉.၅၁၂ ဧက (၃၈,၄၉၃.၇၃ စတုရန်းမီတာ) အား ငှားရမ်း၍ Contract Manufacturing Process (CMP) စနစ်ဖြင့် ပလတ်စတစ်အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁	Double Packing (Myanmar) Company Limited	Double Packing Manufacturer Limited Representative By	
		(1) Mr. Wong Kwan Tat Director Hong Kong P.P No. HA 9085774	Flat A,5/F., Industrial Building, 114 How Ming Street, Kwun Tong
		(2) Mrs. Wong Sherman Kelly Managing Director Hong Kong P. P No. KJ 0134618	Flat A,5/F., Industrial Building, 114 How Ming Street, Kwun Tong
		(3) U Tin Htun Director Myanmar NRC No.13/Ta Kha La(N)034430	No.(60), Pyi Htaung Su Yeit Thar Street, Dagon Township, Yangon Region

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ - ၀၉-၅၁၂၇၉၇၇

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးကျော်မျိုးထွန်း

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Contract Manufacturing Process (CMP) စနစ်ဖြင့် ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / လျှပ်စစ်
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေ လ ၃၁ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉. ၄. ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက - ၃/ န-၁၂၀၀ / ၂၀၁၅ (၅၈၃)

၁။ ဟောင်ကောင် Double Packing Manufacture Limited မှ ၉၅%နှင့် မြန်မာနိုင်ငံ ဦးတင်ထွန်းမှ ၅% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Double Packing (Myanmar) Company Limited တည်ထောင်ကာ မြေကွက်အမှတ်-ဒီ-၄၊ ဒီ-၅၊ ဒီ-၁၁၊ ဒီ-၁၂၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၉. ၅၁၂ ဧက (၃၈,၄၉၃. ၇၃ စတုရန်းမီတာ)အား ငှားရမ်း၍ ပလတ်စတစ်အိတ်အမျိုးမျိုးကို Contract Manufacturing Process (CMP) စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံ လာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်းသဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည်နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား (၁၀၆၆)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-ဒီ-၄၊ ဒီ-၅၊ ဒီ-၁၁၊ ဒီ-၁၂ရှိ မြေဧရိယာ ၉. ၅၁၂ ဧက (၃၈,၄၉၃. ၇၃ စတုရန်းမီတာ)အား USD 5/ m^2/ yearနှုန်းဖြင့် (၁နှစ်လျှင်USD - 192468.65နှုန်းဖြင့်) နှစ်(၆၀)ငှားရမ်း လုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်မည်ဟု တင်ပြထား ပါသည်။

၂။ အထက်ဖော်ပြပါ အချက်များကြောင့် (၂၆. ၅. ၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ် (၃၄)အရ Double Packing (Myanmar) Company Limited၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Double Packing (Myanmar) Company Limited
လက်ခံစာတွဲ
မျှောစာတွဲ

D/2015/Cabinet/26..20

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၃(၁)/၁၁(ဃ)/(၆)/(၂၂၃ /၂၀၁၅)
ရက်စွဲ ၂၀၁၅ ခုနှစ် ၊ ဇွန်လ ၁ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်ကြားခြင်း။</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၄-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက - ၃ /န - ၁၂၀၀ /၂၀၁၅ (၅၈၄)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဟောင်ကောင် Double Packing Manufacturer Limited မှ ၉၅%နှင့် မြန်မာနိုင်ငံ ဦးတင်ထွန်းမှ ၅% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Double Packing (Myanmar) Company Limited တည်ထောင်ကာ မြေကွက်အမှတ် -ဒီ-၄၊ ဒီ-၅၊ ဒီ-၁၁၊ ဒီ-၁၂၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ (၉.၅၁၂) ဧက (၃၈၄၉၃.၇၃ စတုရန်းမီတာ) အား ငှားရမ်း၍ ပလတ်စတစ်အိတ်အမျိုးမျိုးကို Contract Manufacturing Process (CMP)စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာ သဘော ထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ အဆိုပြုလွှာအား စိစစ်ရာတွင် ပလတ်စတစ်အိတ် အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းမှ ထွက်ရှိလာသော ပလတ်စတစ်ဖြတ်စများကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်း ၊ ပလတ် စတစ်အိတ်ပြုလုပ်မှုလုပ်ငန်းစဉ်တွင် မီးအပူပေးဆောင်ရွက်ရခြင်းကြောင့် အနံ့အသက်များထွက် ရှိစေပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ခြင်းနှင့် ဓာတုပစ္စည်းဖြစ်သော မှင် (Ink) အား ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုရခြင်းတို့ကြောင့် အလုပ်သမားများအား အန္တရာယ်ဖြစ်စေနိုင်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ Double Packing (Myanmar) Company Limited မှ ပလတ်စတစ်အိတ် အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘော ထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြု လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှု ရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျှော့နည်းစေရန်အတွက် လုပ်ငန်း စီမံကိန်းများချမှတ်ခြင်း၊ ထုတ်လုပ်ခြင်းအဆင့်ဆင့်တို့အတွက် ပတ်ဝန်းကျင်

ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းစနစ်များ၊ စက်ပစ္စည်းများကို အသုံးပြုခြင်းနှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု (CSR) အား အမြတ်ငွေ၏ ၂% ထည့်ဝင်ရန်အပါအဝင်ကတိကဝတ်များ၊ လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ခ) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေများအား ပြန်လည်သန့်စင် အသုံးပြုသွားရန် ၊ စွန့်ပစ်မည်ဆိုပါကလည်း ပြန်လည်သန့်စင်ပြီးမှ စနစ်တကျ စွန့်ပစ်သွားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် အလုပ်သမားများအား လုပ်ငန်းခွင်သုံး အကာအကွယ်ပစ္စည်းများ ဝတ်ဆင် / တပ်ဆင် ဆောင်ရွက်စေရန်၊

(ဂ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်များ စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများ အတွက်သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက် (Environmental Management Plan – EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်း ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူလူထုတို့၏ ဆန္ဒနှင့်သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန်။

2/6/15

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ (၂)၂၀၁၅-၂၀၁၆(၄၃၂)
ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉.၄.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၃/ န-၁၂၀၀/ ၂၀၁၅ (၅၈၅)

၁။ Double Packing (Myanmar)Co.,Ltd. သည် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်၊ ဒီ-၄၊ ဒီ-၅၊ ဒီ-၁၁၊ ဒီ-၁၂ တွင် ပလတ်စတစ်အိတ်အမျိုးမျိုးကို Contract Manufacturing Process (CMP)စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး ပလတ်စတစ်အိတ်အမျိုးမျိုးကို Contract Manufacturing Process (CMP)စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုများကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) အလွယ်တကူ မီးလောင်နိုင်သည် ပစ္စည်းများဖြစ်သဖြင့် ကုန်ကြမ်း၊ ကုန်ချောများအား စနစ်တကျ သိုလှောင်သိမ်းဆည်းရန် လိုအပ်ပါသည်။

(စ) ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထွက်ရှိမှုမှာ ညီညွတ်မှုရှိသော်လည်း အသုံးပြုမည့်ကုန်ကြမ်းတွင် Resin ဟုသာဖော်ပြထားပါသဖြင့် အသုံးပြုမည့် Resin အမျိုးအစား ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

(ဆ) Profit and Loss Statement တွင် ထည့်သွင်းဖော်ပြထားသော Production Cost နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြရန် လိုအပ်ပါသည်။

(ဇ) စက်ပစ္စည်းစာရင်းတွင် အခြားစက်ပစ္စည်းများစာရင်း သင့်လျော်မှုရှိသော်လည်း Chiller ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

၃။ သို့ပါ၍ Double Packing (Myanmar)Co.,Ltd. မှ ပလတ်စတစ်အိတ်အမျိုးမျိုးကို Contract Manufacturing Process (CMP)စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၈/၁၀

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း-၀၁-၆၅၈၁၂၈ စာအမှတ်၊ ရက- ၃/ န-၁၂၀၀/ ၂၀၁၅(၈၇၅-၁)
ဖက်(စ်) -၀၁-၆၅၈၁၄၁ ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

Double Packing (Myanmar) Company Limited မှ ပလတ်စတစ်အိတ် အမျိုးမျိုးကို Contract Manufacturing Process (CMP) စနစ်ဖြင့် ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ပေးပို့ခဲ့သောလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် ဌာနများ၏ လမ်းညွှန်ချက်နှင့် အညီ ပြန်လည် ပြင်ဆင်တင်ပြလာပါသဖြင့် ၎င်းပြင်ဆင်ချက်ကို အောက်ပါဇယားတွင် စိစစ်မှတ်ချက် ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

3.7.2015

အတွင်းရေးမှူး (ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
၁	စက်မှုဝန်ကြီးဌာန	(တင်ဝင်း) လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) စက်မှုဝန်ကြီးဌာန		လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	
၂	မြန်မာ့ဆေးဝါး လုပ်ငန်း	ဒေါ်ယမင်းလေး‌ခင်	လ/ထ ညွှန်ကြား	လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	

မိတ္တူကို
ရုံးလက်ခံ

checking Inv-2

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄-အလ/ခွဲ(၂)၂၀၁၅(၄၇၃၃)
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်

M-947 20-5-2015 သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

MC-180 18-5

NPC-2876 19-5-15

အကြောင်းအရာ။ **Double Packing (Myanmar) Company Limited မှ CMP စနစ်ဖြင့် ပလပ်စတစ် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၄-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက- ၃/န- ၁၂၀၀/၂၀၁၅(၅၈၆)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေကွက် အမှတ် (D-၄၅၁၁၁၂) ၌ ဟောင်ကောင်မှ Double Packing Manufacturer Limited က ၉၅% နှင့် မြန်မာနိုင်ငံမှ ဦးတင်ထွန်းက ၅% ထည့်ဝင်၍ Double Packing (Myanmar) Company Limited တည်ထောင်ကာ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် ပလပ်စတစ် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရန်တင်ပြမှုအပေါ် CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် ရာဘာပစ္စည်းစက်ရုံ၊ လက်ထောက် အထွေထွေ မန်နေဂျာ ဒေါ်နှင်းယဉ်လှတို့သည် ၆-၅-၂၀၁၅ ရက်နေ့တွင် စက်ရုံရှိတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၂။ Double Packing (Myanmar) Company Limited ၏ အဆိုပြုချက်အပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) **C.M.P ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ**

အဆိုပြုစာတမ်းတွင်ပါရှိသော ထုတ်လုပ်မည့် ပလပ်စတစ်အိတ် ပစ္စည်းအမျိုးအစား (၂)မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	ပထမနှစ်အရေအတွက်	ဒုတိယနှစ်အရေအတွက်
1.	Plastic Bag - Check out bag	7600 M/T	8588M/T
2.	Plastic Bag - Shopping bag	7600 M/T	8588 M/T
	Total	**15200** M/T	**17176** M/T

အဆိုပါ ပစ္စည်း (၂)မျိုးထုတ်လုပ်ရာတွင် အဓိက ထုတ်လုပ်မည့်ကုန်ချော 1 M/T လျှင် ပလတ်စတစ်အိတ် အရေအတွက် 366300 Pcs ပါရှိမည်ဖြစ်ပြီး Unit Norm အရတွက်ချက် မှုတွင် ပထမနှစ် ထုတ်လုပ်မည့် ကုန်ချောအရေအတွက် 15200 M/T အတွက်နှင့် Raw Material လိုအပ်ချက်မှာ ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသဖြင့် ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်မှု အချိုးအစား ကိုက်ညီမှုရှိပါသည်။

(ခ) **C.M.Pလက်ခနူန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ**

1^{ST} Year Production

1.	Plastic Bag-Check out bag	7600M/T x 200 US$/M/T	=	1520,000 US$
2.	Plastic Bag - Shopping bag	7600 M/T x 200 US$/M/T	=	1520,000US$
	(A) Total Income		=	**3040,000 US$**
	(1) Production Cost		=	100,000 US$
	(2) Fuel		=	30,000 US$
	(3) Electricity		=	30,000 US$
	(4) Labour Cost		=	1586160 US$
	(5) Rental Charges		=	192469 US$
	(6) Transportation		=	20,000 US$
	(7) Depreciation		=	750959 US$
	(8) Administration Cost		=	30,000 US$
	(9) Medical Expense		=	10,000 US$
	(10) Stationery Expense		=	10,000 US$
	(B) Total Expenditure		=	**2759588** US$
	(C) Net Profit		=	**280412** US$

ပထမနှစ် ထုတ်လုပ်မှုတွင် CMP ကုန်ချော လက်ခ များစွာရရှိသဖြင့် ဝင်ငွေနှင့် အသုံးစရိတ်ကာမိ၍ အမြတ်ရရှိမှုရှိသဖြင့် CMP လုပ်ခနူန်းထား ဆီလျော်မှုရှိကြောင်း တွေ့ရှိရ ပါသည်။

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ**

အဆိုပြုချက်တွင် စက်အလုံးရေ ၃၉ လုံး ၊ အထောက်အကူပြုစက် ၁၀ လုံး နှင့် Conversion Machines ၃၀ လုံး တို့တွင် လုပ်သား ၁၀၃၄ ဦးနှင့် Technician ၂၀ ဦး တစ်ရက်လျှင် အဆိုင်း(၃)ဆိုင်းဖြင့် နေရာချထား၍ ဆောင်ရွက်မည်ဖြစ်၍ နှစ်စဉ် ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အား အချိုးအစား ညီမျှမှု ရှိပါသည်။

၃။ သို့ဖြစ်၍ Double Packing (Myanmar) Company Limited ကို ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် ပလပ်စတစ်အိတ်ပါးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ထင်အောင်၊ အတွင်းရေးမှူး)
(ဒုတိယဝန်ကြီး၊အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)

မိတ္တူကို
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
(CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
Double Packing (Myanmar) Company Limited
ရုံးလက်ခံ
မျှောစာတွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MYANMAR ENGINEERING SOCIETY
Hlaing Universities' Campus, Hlaing Township, Yangon, Myanmar
Tel : 95-1-519673 ~ 76, Fax : 95-1-519681
E-mail:mes@mptmail.net.mm, Website: www.mes.org.mm

DG 34 8/6/15

M-1061 9/6/15

သို့

ဉက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊ မအသ / MIC / ၁၂၀၃ / ၂၀၁၅။
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ၊ (၂) ရက်။

အကြောင်းအရာ။ **ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-ဒီ-၄၊ဒီ-၅၊ဒီ-၁၁၊ဒီ-၁၂ တွင် ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ကိစ္စ။**

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၅ခုနှစ်၊ ဧပြီလ(၂၉)ရက် နေ့စွဲပါ စာအမှတ်၊ ရက-၃/န-၁၂၀၀/၂၀၁၅ (၅၈၇)

၁။ အထက်ဖော်ပြပါအကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သက်ဆိုင်ရာ Double Packing (Myanmar) Co.,Ltd မှ ၂၀၁၅ခုနှစ်၊ ဧပြီလ(၂၉)ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-ဒီ-၄၊ဒီ-၅၊ဒီ-၁၁၊ဒီ-၁၂ တွင် ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆောက်အဦနှင့် ပက်သက်သောပုံစံများနှင့် အသေးစိတ်ဇယားများကို လိုအပ်သော လမ်းညွှန်ချက်များပေးပါရန် တင်ပြခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင်ဖွဲ့စည်းထားသော MIC Projects Assessment Committee မှ ယင်းကိစ္စနှင့်ပက်သက်၍ (၃၀-၄-၂၀၁၅)ရက်နေ့မှ (၁-၆-၂၀၁၅) ရက်နေ့အထိ Foundation အပိုင်း၊ Structure အပိုင်း၊ အဆောက်အဦ အတွက်အသုံးပြုမည့် ဆောက်လုပ်ရေးပစ္စည်းများကို စိစစ်သုံးသပ်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ MIC Projects Assessment Committee အနေဖြင့် ရန်ကုန်တိုင်းတွင် တည်ဆောက်မည့် စက်ရုံတည်ဆောက်မှုတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန်နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ရေးပစ္စည်းများအသုံးပြု၍ တည်ဆောက်ပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

၄။ အဆောက်အဦပိုင်းတွင် ပြည်ပမှတင်သွင်းမည့် အောက်ဖော်ပြပါ ဆောက်လုပ်ရေးပစ္စည်းများနှင့် အရေအတွက်ကို ထောက်ခံတင်ပြအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	MIC စာအုပ်ပါ အရေအတွက် (Ton)	BQ တွင်ပါဝင်သော အရေအတွက် (Ton)	ထောက်ခံတင်ပြသော အရေအတွက်(Ton)
၁။	Cement	၁၁၀.၉၈၃	၂၈၈၇.၂၆	**၁၁၀.၉၈၃**
၂။	Rebar	၃၀၀၂	၁၀၈၇.၆	**၁၀၈၇.၆**
၃။	Structural Steel	၃၂၀၀	၆၉၉.၈၇	**၆၀၃**
၄။	Emulsion Paint	၁၃၀၀၀ Gal	၄၀၂၀ Gal	**၄၀၂၀ Gal**

Gal = ဂါလန်

မှတ်ချက်။ ။(၁) ယခုတင်ပြသောစီမံကိန်းစိစစ်ရာတွင် တင်ပြသောပုံစံ၊ဒီဇိုင်းများသည် အမှန်တကယ်အသေးစိတ်တည်ဆောက်မည့် ပုံစံ၊ဒီဇိုင်းများနှင့် ကွဲလွဲမှုရှိမည်ဆိုပါက ယခုတွက်ချက်ထားသောပစ္စည်းအရေအတွက်များမှာ အမှန်တကယ်သုံးစွဲမည့်အရေအတွက်နှင့် ကွာခြားနိုင်ပါသည်။ သို့အတွက် လိုအပ်ပါက Detail Estimate ရရှိပြီးသည့်အခါတွင် ပြန်လည်စိစစ်မှုများဆောင်ရွက်ရန် လိုအပ်ပါသည်။ (Subject to Check)

(၂) သက်ဆိုင်ရာမီးသတ်ဦးစီးဌာနမှချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်းလိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(ဝင်းခိုင်)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို – Managing Director, Double Packing (Myanmar) Co.,Ltd

– ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

– အတွင်းရေးမှူး၊ MIC Projects Assessment Committee

– ရုံးလက်ခံ / မျှောစာတွဲ

MIC Projects Assessment Committee
Myanmar Engineering Society

PROPOSAL TO MAKE INVESTMENT IN THE REPUBLIC OF THE UNION OF MYANMAR

By

"DOUBLE PACKING (MYANMAR) CO.,LTD."

FOR "MANUFACTURING OF ALL KIND OF PLASTIC BAGS ON CONTRACT MANUFACTURING PROCESS (CMP) BASIS"

UNDER THE REPUBLIC OF THE UNION OF MYANMAR FOREIGN INVESTMENT LAW

To

Chairman
Myanmar Investment Commission
Yangon.

Date : 17 July 2015
Letter No :DPML/MIC/2015(001)

Subject : Application for investment permit to produce **All Kind of Plastic Bags on Contract Manufacturing Process (CMP) basis**

Your Excellency,

